
လှိုင်းကြာဖြူ(လားရှိုး)

# ပန်းအနားသတ်မျဉ်း



# အခန်း(၁)

"ဟွန့် . . . ထင်တော့ထင်သား။ မင်းရဲ့ တိုက်ခန်းတံခါး သော့ခတ်ထားကတည်းက ဒီမှာ ရှိနေ မယ်ဆိုတာ"

သတိုးက ဆိုင်တံခါးတွန်းဖွင့်ဖွင့်ချင်း ဆံပင်ညှပ်သည့် ခုံရှေ့တွင် ရှိနေသော ကောင်းစစ်သွင်ကို အာကျယ် အာကျယ်နှင့် လှမ်းပြောလိုက်သည် ။

ကောင်းက ဘာမှ မပြောဘဲ မှန်ချပ်ကြီးကြီးကနေ လှမ်းကြည့်လိုက်သည် ။

"ကောင်းက အခုမှ လာတာပါ အစ်ကိုရယ်"

ဆံပင်ညှပ်ဖို့ ပြင်နေသည့်ကောင်လေးက သတိုးကို လှမ်းပြောရင်း ထိုင်ခုံဆီ မျက်စပစ်ပြ လိုက်သည် ။ သဘောကတော့ စောင့်ချင်လျှင် အသေအချာ အကျအန ထိုင်စောင့်ပေတော့ ဆိုသည့်ဟန်။

ဆံပင်ညှပ်သည့် ကောင်လေးကတောင် ကောင်းရဲ့ အထာကို ကောင်းကောင်း ကြီး သိနေတော့သည် ။

သတိုး သက်ပြင်းကို ဟူးခနဲချကာ ထိုင်ခုံပေါ် ထိုင်ချလိုက်သည် ။

မနက်တုန်းက ငါတိုက်ခန်းမှာ ရှိနေမှာ ဟု ဖုန်းဆက်သဖြင့် လာခဲ့ခြင်းဖြစ်သည် ။ ဤကဲ့သို့ Beauty Saloon ရောက်နေမှန်းသိလျှင် လာဖြစ်မည်မဟုတ်။

လူတိုင်း လူတိုင်းက အလှကြိုက်ကြတာကြီးပါ။ သူတို့ လည်း Beaut y Saloon မလာဘူး မဟုတ်ပါ။ အနည်းဆုံး တစ်လတစ်ခေါက် လာပြီး ခေါင်းလျှော်၊ ဆံပင်ညှပ်တာမျိုး ပြုလုပ်နေကျပါ။

မိန်းကလေးမဟုတ်လေတော့ မျက်နှာပေါင်းတင်တာ၊ တစ်ကိုယ်လုံး ပေါင်းတင်တာ မလုပ်ပေမယ့် Skin care တော့လုပ်ဖြစ်သည် ။

မျက်နှာကို နေလောင်ခံခရင်တွေ၊ လိုးရှင်းတွေ လိမ်းပါသည် ။ တစ်ခါတလေမှာ scrub

လုပ်ဖြစ်သည် ။ ဒါတွေအားလုံးက အိမ်မှာ အဆင်ပြေသလို လုပ်လိုက်တာမျိုးပါ။

ဒါပေမဲ့ . . .

ကောင်းစစ်သွင်ဆိုတဲ့ ကောင်းကတော့ လွန်လွန်းပါသည် ။ Beauty Saloon ကို တစ်ပတ်တစ်ကြိမ် အနည်းဆုံး လာကာ ခေါင်းလျှော်သည် ၊ မျက်နှာပေါင်းတင်သည် ။

တစ်ခါတလေ တစ်လတည်း နှစ်ခါဆံပင်ပုံစံ လာပြောင်းသည် ။ ဒီတစ်ပတ်မှာ ဆံပင်ရှည်ရှည်ပါးပါး ညီညီနှင့် ပြင် လာပြီး နောက်တစ်ပတ် အီမိုစတိုင် တစ်ခြမ်းစောင်း ဖြစ်နေတတ်သည် ။

မျက်နှာ၌ လည်း Day cream, Night cream တွေ၊ Toner, lotion, နေလောင်ခံ cream တွေကို နေ့စဉ် မညည်းမညူ လိမ်းလား လိမ်းရဲ့ ။ ညအခါ ညနက်လို့ မှ ပြန်လာလျှင်တောင် ထမင်းမစားဖြစ်ချင် ရင်နေမည် မျက်နှာချေးချွတ်ဖို့ ၊ မျက်နှာသစ်ဖို့ ကတော့ မပျက်ကွက်။

အဝတ်အစားဆိုလျှင်လည်း ခေတ်လူငယ်တစ်ယောက် ဖြစ်သည် နှင့် အညီ ပေါ်သမျှ အသစ်အဆန်း မှန်သမျှ သူ့ကိုယ်ပေါ်ရောက်ပြီးသား။

အများ ဆုံးဝတ်တာကတော့ ယခုခေတ် ကိုရီးယားမင်းသားတွေ ဝတ်သလို ဘောင်းဘီဖင်ကျပ်နှင့် အပေါ်က အရောင်နုနု အင်္ကျီလက်တို၊ လက်စကတွေ။ တစ်ခါတလေတော့လည်း နက်ကတိုင် အတိုလေးတွေ တပ်တတ်သည် ။

အားလုံးခြုံကြည့်ရမည်ဆိုလျှင်တော့ ကောင်းသည် ချောလွန်းသဖြင့် လှလွန်းသည့် ဘက်သို့ ဦးတည်သွားသည် ။ အစစအရာရာ ပြင်ဆင်လွန်းတော့လည်း မိန်းမချောချောသူ ဖြစ်သွားတော့သည် ။

ဒါတောင် အရပ်မြင့်မြင့်၊ မာဆယ်တောင့်တောင့်က ကယ်ထားပေလို့ ၊ မဟုတ်လျှင် တကယ့် အခြောက်စစ်စစ် ဖြစ်ပေတော့မည်။

အစားအသောက်ကလည်း ဘာဂရုစိုက်သလဲမမေးနှင့်။ ညစာဆိုလျှင် ထမင်းစားတာက ခပ်ရှားရှား။ အသီးအရွက်ကို အဓိက ထားပြီး စားသည် ။

ကောင်းကျွေးမည်ဟု စားသောက်ဆိုင်ပါသွားသည့်နေ့ ဆိုလျှင် သူတို့ သူငယ်ချင်းတစ်သိုက် အသီးအရွက်၊ အအေးနှင့်သာ ညားခဲ့ရတာချည်း။

"ကောင်း . . . မင်းပြီးရင် ဆိုင်ပဲလာခဲ့တော့ကွာ"

သတိုးတစ်ယောက် ကောင်းကိုထိုင်စောင့်ရင်း လိုင်းပေါ်တက်ကျူနေတာတောင် အကြာကြီး။ သကောင့်သားက ပြီး မပြီးနိုင်။ ထို့ကြောင့် ဖုန်းကိုပိတ်ပြီး လှမ်းပြောတော့ -

"မင်းကလည်း ကွာ . . . ဒီမှာ ပြီးတော့မယ့်ဟာကို။ စောင့်တော့ ဘာဖြစ်သွားမှာ လဲ။ ငါ မလာလည်း မင်းတို့ ဘာမှ လုပ်လို့ မရမှန်း သိလျက်နဲ့ "

"မင်းပဲပြော"

"ဟုတ်တယ်လေ"

"နေပါဦး ကောင်းရယ်၊ ခေါင်းလေးကို နည်းနည်းငြိမ်ပါဦး"

သူနှင့်ကောင်း အပြန်အလှန်ပြောနေတာကို ခဏစောင့်ပြီးတော့ ဆံပင်ညှပ်သည့် မိုးမိုးက ပြောခြင်းဖြစ်သည်။

ဤ Beauty Saloon တွင် မိုးအောင် ခေါ် မိုးမိုးကဲ့သို့သော ဆံပင်ညှပ်ကျွမ်းသည့် ကောင်ချောလေး (၇) ယောက်ခန့်ရှိသည်။

ဤ Prince Beauty Saloon သည် အမျိုးသားသီးသန့် ဖြစ်သဖြင့် သတိုးတို့ ကလည်း ဝင်ထွက်ရဲတာဖြစ်သည်။ ဆံပင်ညှပ်၊ လျှော်၊ မျက်နှာပေါင်းတင်၊ တစ်ကိုယ်လုံးပေါင်းတင် အကုန်လုပ်၍ ရသည်။

လုပ်ပေးသည့် ဝန်ထမ်းများမှာ လည်း ယောကျ်ားလေးများ ဖြစ်သော်လည်း အတော်ကျွမ်းကျင်ကာ အကိုင်အတွယ် ညင်သာသည်။ (ဆံပင်ကိုင်တာ၊ မျက်နှာကိုင်တာကို ပြောပါတယ် ဟဲဟဲ"

သူတို့ ကိုယ်တိုင်လည်း လာပြင်သူတွေ သမင်လည်ပြန်ငေးလို့ ရလောက်အောင် ပြင်ထားကြပါသည်။

မျက်နှာဆိုလျှင် ပြင်လို့ ပြင်ထားမှန်းမသိအောင် ဖြူနုဖပ်နေတတ်သည်။ အနားက ဖြတ်သွားလျှင် ခပ်သင်းသင်းအနံ့က စွဲထင်ကျန်ရစ်နေတာမျိုး။

"ဒီး ဒီး ဒီး"

ဟာ . . . ကောင်း မင်းရဲ့ ဖုန်း"

စားပွဲပေါ်မှာ တင်ထားသည့် ကောင်းရဲ့ ဖုန်းက vibrate ဖြင့် တဒီးဒီး ထမြည်နေသည် ။ သတိုးစကား ကြောင့် ကောင်းက

မျက်နှာငြိမ်နေရသဖြင့် လှည့်မကြည့်နိုင်၍ မှန်မှ ကြည့်ကာ -

"မင်းကိုင် လိုက်လေ ဘယ်သူလဲ"

သတိုး ဖုန်းကိုကောက်ကိုင်လိုက်သည် ။

"သက်နှင်းဆီက"

လက်နှင့်အုပ်ပြီး သူ့ကိုလှမ်းပြောကာ ဟယ်လိုဟု ထူးလိုက်သည် ။

"သက်နှင်း . . . ငါ သတိုးပါဟ။ ကောင်းကတော့ ထုံးစံအတိုင်းပေါ့"

ကောင်းက သတိုးရဲ့ စကားကြောင့် ဒီကောင် မလိုအပ်ဘဲ ဘာတွေ လျှောက်ပြောနေသလဲ ဆိုသည့် မကျေနပ်သည့်အကြည့်။

သက်နှင်းဆိုတာက ကောင်းရဲ့ ရည်းစားများ စွာ အနက်ထဲက တစ်ယောက်ဖြစ်သည် ။

ကောင်းက ကိုယ်တိုင်လည်း အလှကြိုက်သလို လှတဲ့ မိန်းကလေးတွေနှင့် တွဲသွားတွဲလာလုပ် ရလျှင် ပျော်နေတတ်တဲ့ ကောင်မျိုးဖြစ်သည် ။

အချို့သော မိန်းကလေးတွေကလည်း ခက်ပါသည် ။ ကောင်းဆိုသည့် ကောင်းစစ်သွင်က ရည်းစားစကားမပြောလိုက်ရပါဘဲနှင့် ရည်းစားလိုလို သူငယ်ချင်းလိုလို အဆင့်မှာ နေရတာကိုပဲ ပျော်နေကြသည် ။

ကောင်းကလည်း ရည်းစားများ တာတစ်ခုတော့ နာမည်ပျက်စရာတစ်ခုလို ဖြစ်နေသည် ။ ကွဲသွားသည့် ရည်းစားတွေနှင့်တော့ ဘာဘာညာညာ ပြဿနာသိပ်မရှိခဲ့ပါ။ ကောင်းက လှပသော ပန်းလေးတွေကို နမ်းမွှေးရုံသက်သက်သာဖြစ်ပြီး နင်းချေတတ်သောသူ မဟုတ်ပေ။

ယခုလည်း သက်နှင်းက ဘာတွေပြောဦးမည်မသိ။

"ဒီနေ့ တော်ဝင်စင်တာမှာ ချိန်းထားတာ မေ့မှာ စိုးလို့ "

"ဒီကောင်လား မေ့မှာ ။ ပူမနေနဲ့ ။ ဒီကောင်မေ့လည်း ငါတို့ ပါနေတာပဲ ဘာဖြစ်လဲ"

"အို . . . ငါတို့ ရည်းစားနှစ်ယောက်တွေ့တဲ့ နေရာ နင်တို့ က ဘာလိုက်လုပ်ကြမှာ လဲ။ ရှုပ်ရှုပ် ယှက်ယှက်"

"အယ်"

ပြောတဲ့ လူကပြောရဲသလောက် နားထောင်ရတဲ့ သူမှာ 'အယ်' ခနဲ ဖြစ်သွားရသည် ။ ရှုပ်ရအောင် ငါတို့ က ဘာလုပ်မှာ မို့ နင်တို့ က ဘာလုပ်ကြမှာ လဲ မေးချင်လိုက်တာ။ ပါးစပ်ကို ယားရော။

"ဒါပဲနော် . . . ပြောဖြစ်အောင် ပြောလိုက်"

အမယ်လေး မယ်မင်းကြီးမ။ ဟင်း . . . လူကိုများ ကောင်းစစ်သွင်ရဲ့ အခစားတွေများ မှတ်နေသလား မသိ။ လေသံက ဩဇာမာလာကာ အပြည့်။

ဒီကလည်း ခေသူမဟုတ်တော့ -

"သတိရရင် ပြောလိုက်မယ်"

ဖုန်းပါပိတ်ပစ်လိုက်သည် ။ တစ်ဖက်က ဘယ်လောက် ဆွေ့ဆွေ့ခုန်ဖြစ်သွားမည်မှန်းမသိ။ ဒီဘက်ကတော့ ဖုန်းပိတ်ပြီး တဟားဟားနှင့် ရယ်မိသည် အထိ။ ကောင်းကို လှမ်းကြည့်တော့ -

"ဘာတွေပြောလိုက်တာလဲ"

"ပညာပြလိုက်တာလေ။ မင်း ကောင်မလေးတွေအားလုံး ကလေ ငါတို့ သူငယ်ချင်း တစ်သိုက်လုံးက မင်းရဲ့ အခြွေအရံ အခိုင်းအစေများ

အောက်နေ့နေသလား မသိဘူး။ လူကြုံပါးလိုက်ရင် အမြဲတမ်းအမိန့်တွေ၊ အာဏာတွေနဲ့ . . . ဟွန်း။ ငါတို့ က မင်းမျက်နှာနဲ့ မို့ သည်းခံနေတာနော်"

"အေးကွ၊ အင်း . . . သူတို့ မှာ လည်း မာန်တက်စရာအလှတရားက ရှိနေတော့ မင်းတို့လိုလူတွေနဲ့ စကားပြောတာ ဘယ်ပြေပြစ်နိုင်မလဲ"

"ဟား . . . ကောင်း။ မင်းပဲ အလှမာန်တက်နေတဲ့ မိန်းကလေးတွေကို ကိုးကွယ်ကွ။ ငါတို့ ကတော့ ဆေားရီးပဲ။ မင်းလည်း သူတို့ လေသံလိုက်နေရင်တော့ ဝမ်းနည်းစရာပဲ။ ဒါကြောင့် မွန်းတည့်က ပြောတာ"

"ဒီကောင်က ဘာပြောတာလဲ"

မိုးမိုး ခေါင်းညိတ်ခိုင်းတာလည်း မရတော့ပေ။ ကောင်းတစ်ယောက် 'မွန်းတည့်' ဆိုသည့် နာမည် ကြားသည် နှင့် ခေါင်းကောကိုယ်ပါ အော်တိုမစ်တစ် သတိုးဘက်သို့ လှည့်ပြီးသား ဖြစ်သွားသည် ။

"ဘာမှ မဟုတ်တော့ဘူး"

သတိုးတစ်ယောက် ပြောထွက်လိုက်မိသည့် ကိုယ့်ပါးစပ်ကိုပင် ပိတ်ရိုက်ပစ်ချင်မိတော့သည် ။

မွန်းတည့်နေနှင့် ကောင်းစစ်သွင်ဆိုတဲ့ နှစ်ယောက် သူငယ်ချင်းတွေသာ ဖြစ်နေတာ သိပ်အစေးကပ်လှသည် မဟုတ်တာ သိလျက်နှင့် ပါးစပ်က ထွက်ဖြစ်အောင် ထွက်သွားသည် ။

တကယ်ဆို ကောင်းကော မွန်းတည့်ပါ အလှအပကို အများ တကာထက် အလေးထားကြတာ၊ ကြိုက်ကြတာ၊ ပြင်ကြဆင်ကြတာ အတူတူပေမယ့် မတူတာကတော့ ရှိလာသည် ။

ကောင်းက ရည်းစားမှိုလိုပေါက်ထားတတ်တာ လှသော ကောင်မ

လေးတွေကို မြင်လျှင် ငေးမကြည့်ဘဲ မနေနိုင်သူ။

မွန်းတည့်ကကျတော့ ကိုယ်တိုင်အလုကြိုက်သည် ။ ကိုယ့်ကိုယ်ကိုယ်လည်း မင်းသာရှုံး အောင်ပြင်တတ်သည် ။ ကောင်းနှင့် ယှဉ်လျှင်လည်း ချောတာတွေလည်း အတူတူပဲဟု ပြောနိုင်သော် လည်း ကောင်းလိုတော့ ရည်းစားမထား။ ရည်းစားထားဖို့ လည်း စိတ်ကူးရှိပုံမရ။

ဒီနှစ်ယောက် ပြိုင်တော့ပြိုင်နေကြသည် ။ ဘာကို ဘယ်လိုပြိုင်နေကြသလဲမသိ။ ကောင်းကတော့ "မွန်းတည့် ငါ့ကို မနာလို ဖြစ်နေတာ" ဟု ပြောပေမယ့် မွန်းတည့်ဘက်က ကောင်းထင်သလို ဟုတ်ပုံမရပေ။

သူတို့ သိသလောက် မွန်းတည့်၊ ကောင်းနှင့် အဆင်မပြေသလို ဖြစ်ရသည့် အကြောင်းအရင်း က (၆) ယောက်အုပ်စု စုံပြီဆိုလျှင်ကောင်းကို ခေါင်းဆောင်လိုလို သဘောထားကာ ကျန်သူအားလုံး ကို ကောင်းရဲ့ ဖွားဖက်တော် အခြွေအရံများ အောက်မေ့နေတတ်လို့ ဖြစ်သည် ။

သူတို့ ကိုယ်တိုင်လည်း ထိုအခြေအနေကိုတော့ သဘောမကျပေ။

သူတို့ သူငယ်ချင်း ခြောက်ယောက်စလုံး ရုပ်ရည်ညီသည် ။ အလုပ်အကိုင် ကိုယ်စီလည်း ရှိကြသည် ။ ငွေကြေးဥစ္စာ ရှိခြင်းကလည်း မတိမ်းမယိမ်းများ မို့ မိန်းကလေးတွေရဲ့ အမြင်မှာ သူတို့ ငါးယောက်ကို ကောင်းရဲ့ ခိုင်းဖက်အဖြစ် ဆက်ဆံတာမျိုးကိုတော့ အောင့်သက်သက် ဖြစ်ရပါသည် ။

"သတိုး . . . ငါမေးနေတယ်လေ။ မွန်းတည့် ဒီကောင်ငါ့ရဲ့ ကွယ်ရာမှာ ငါ့အကြောင်း ဘာပြောတာလဲ"

"ဟ . . . ကောင်းရ၊ မင်းကွယ်ရာမှာ မင်းမကောင်းကြောင်း ငါတို့ က

ပြောနေတယ်လို့ ထင်ရင် မင်းငါတို့ ကို စော်ကားတာပဲ။ မင်းနဲ့ ပတ်သက်ရင် ငါတို့ ကော မွန်းတည့်မှာ ပါ ဘာမှ ရှော့ခ်မရှိဘူး။ အေးမင်းရဲ့ မိန်းကလေးတွေနဲ့ ပတ်သက်ရင်တော့ အားလုံးအတွက်ရှော့ခ်ပဲ"

သတိုးစိတ်ဆိုးသလို ပြောလိုက်တော့လည်း . . .

"ဆောရီး"

ကောင်းမှန်ဘက်သို့ မျက်နှာပြန်လှည့်သွားကာ . . .

"ငါမှားသွာတယ်။ မင်းတို့ နဲ့ ငါ အချင်းမများ ချင်ဘူး"

"ဒါ . . . ဘာစကားလဲ"

"ငါ့မိန်းကလေးတွေနဲ့ ပတ်သက်ပြီးလေ"

"ဒီ ဒီး ဒီး"

ဒီတစ်ခါ ဖုန်းလာတာတော့ ကောင်းရဲ့ ဖုန်းမဟုတ်ပါ။ သတိုးဆီ ခေါ်လာသော မွန်းထည့်ရဲ့ ဖုန်းဖြစ်ပြီး သတိုး ဖုန်းဖွင့်နားထောင်လိုက်တော့ ကောင်း စကားရှေ့ ဆက်ခွင့်မရှိတော့ပေ။

"ဩော် . . . အေး . . . ဒါဆို ငါအခုထွက် လာပြီ"

"ဘယ်သူလဲ သတိုး"

သတိုး မတ်တတ်ထရပ်လိုက်သဖြင့် ကောင်းက လှမ်းမေးလိုက်ခြင်းဖြစ်သည် ။ သတိုးက ကောင်းကို အားနာသလို တစ်ချက်ကြည့်ပြီး -

"မွန်းတည့် ကားပါကင်မှာ စောင့်နေတယ်တဲ့ ။ ငါတို့ ပစ္စည်းအသစ်တွေ သွားကြည့်ဖို့ ချိန်းထားတာ။ ဆောရီးကွာ၊ မင်းလည်း ခဏနေ သက်နှင်းနဲ့ ချိန်းထားသေးတာဆိုတော့ ငါတို့ ညနေဆုံနေကျ နေရာမှာ ပဲ

ဆုံကြရအောင်"

"သတိုး"

သတိုးက ကောင်းကို အားနာစကားဆိုပြီး အလျင်စလို ထွက်သွားသည် ။ ကောင်းရဲ့ ခေါင်းသံကို တောင် လှည့်မကြည့်နိုင်ချေ။ ကောင်း အထဲမှ အပြင်ဘက်သို့ လှမ်းမြင်နေရသည့် မွန်းတည့်ရဲ့ အဖြူရောင်ကားမြင့်ကြီးကိုတွေ့တော့ -

"တောက်"

"ဟာ . . . ကောင်း ဘာဖြစ်လို့ လဲ"

"ဘာမှ မဖြစ်ဘူး"

မိုးမိုးရဲ့ ပျာပျာသလဲအမေးကို ကောင်းက ဘုဆတ်ဆတ် ဖြေလိုက်သည် ။ ရင်ဘတ်ထဲမှာ ထအော်ပစ်ချင်စိတ်တွေက တလိပ်လိပ်။

ပြောလိုက်လျှင်တော့ မိုးလားကဲလား။ ပြီးလျှင် အားလုံးမွန်းတည့်ဘက်ရောက်သွားတာ ဘာသဘောလဲ။ သူ့ကောင်မလေးတွေက သူ့ရဲ့ အခြွေအရံလို ဆက်ဆံတဲ့ အခါ ဆတ်ဆတ်ထိ မခံနိုင် လောက်အောင် ဖြစ်နေတဲ့ လူတွေက မွန်းတည့်ရဲ့ အသံကြားလျှင် အခုပဲအသက် အသေခံ ကာကွယ် ပေးမတတ် ဖြစ်နေကြသည် ။ ဟား ဟား . . . ကျလည်း ကျတဲ့ မွန်းတည့်နေပါလား။

တကယ်ဆို သူနဲ့ မွန်းတည့်နေဆိုတာက အခြားသူငယ်ချင်းတွေထက် ပိုပြီး သူငယ်ချင်းသက် ကြာတယ်လို့ ဆိုနိုင်သည် ။

သူနှင့် မွန်းတည့်က အလယ်တန်းကျောင်းသားဘဝကတည်းက အခန်းဖော် သူငယ်ချင်းတွေ ဖြစ်ကြသည် ။ ပေါင်းလာတဲ့ သက်တမ်းတစ်လျှောက် တည့်လိုက် မတည့်လိုက်။ လုံးဝအပြတ်ကြီး တော့ မဟုတ်။

အရွယ်ရောက်လာတော့ ကိုယ့်အထာနှင့်ကိုယ် ဖြစ်သွားကာ နေတတ်သွားခဲ့သည် ။ သို့သော် ပြိုင်ချင်ဆိုင်ချင် နိုင်ချင်စိတ်တော့ မပျောက်သွားပါ။

မွန်းတည့်နေရဲ့ စိတ်ထဲတွင် လည်း သူကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။

ဒါတွေ ပြန်ပြောင်းပြောနေလျှင် ယောက်ျားမဆန်ရာ ကျပေလိမ့်မည် ။ သို့သော် ရင်ထဲမှာ ခိုးလိုးခုလု ဖြစ်နေသည့် အစိုင်အခဲကတော့ ဘယ်တော့မှ ပျောက်သွားလိမ့်မည်မဟုတ်။

* * *

# အခန်း(၂)

"အား . . . သွားစမ်းကွာ။ ငါပိတ်ထိုးလိုက်မှာ နော် ချယ်ရီ"

"ကောင်းကလည်း ငါရွေးထားတာတွေက လှပါတယ်"

"ဘာလှတာလဲ၊ ဘာလှတာလဲ"

ကောင်းတစ်ယောက် ချယ်ရီအေး ရွေးထုတ်ပေးထားသည့် ဝမ်းဆက်ကို တွန်းဖယ်ပစ်လိုက် ပြီး သူ စောစောတုန်းက ရွေးထုတ်ထားသည့် ကွာတားဘောင်းဘီပွရွရွကြီးနှင့် တီရှပ်ကားကားကြီး ကို ဆွဲယူပြီး အဝတ်လဲသည့် လိုက်ကာနောက်သို့ ဝင်သွားသည် ။

"အဲဒီကောင်းကလေ သိပ်ခက်တာပဲဟော့"

"ဟိတ် . . . ဘာမှ ခက်တာ လာမပြောနဲ့ ၊ အလှအပကိစ္စများ မုန်းလွန်းလို့ ။ နင်တို့ လေ စူးစူးရှရှအနံ့ကြီးတွေနဲ့ ငါ့နားပွတ်သီးပွတ်သပ်လာမလုပ်နဲ့ ၊ ဒါပဲ"

"အောင်မလေးတော်"

ချယ်ရီအေးတစ်ယောက် သည်းရန်ကောဆိုသည့် ပုံစံနှင့် အဝတ်လဲသည့်လိုက်ကာနောက်သို့ မျက်စောင်းလှမ်းပစ်လိုက်သည် ။

ပြီးတော့ အဝတ်အစားတွေ တိုးလို့ တွဲလောင်း ၊ အိပ်ရာထပြီး မသိမ်းမခေါက်ထားသည့် စောင်တွေ။ မှန်တင်ခုံထက်၌ ပစ်စလက်ခတ် လုပ်ထားသည့် ပစ္စည်းတွေကို တစ်ခုချင်း လိုက်ကြည့် ပြီး-

"ကောင်းရေ . . . နင် မြွေကိုက်ခံရမှာ မကြောက်ဘူးလား"

"ဘာလဲ . . . ဘာလို့ ကြောက်ရမှာ လဲ"

လိုက်ကာနောက်ကနေ တစ်ခုခုကို ကိုက်ထားသဖြင့် မသည်းမကွဲအသံ ကြားလိုက်ရသဖြင့် ချယ်ရီအေး ဟီးခနဲ တစ်ချက်ရယ်ပြီး -

"နင့်အခန်း ဒီလောက် ရှုပ်ပွနေတာ မြွေတစ်ကောင်တောင် မကဘူး နှစ်ကောင်လောက် အသာလေး ခွေနေလောက်တယ်"

"ဘာဖြစ်လဲ . . . အဖော်ရတာပေါ့"

တွေ့လား။

ထွက်လာတဲ့ လေသံက တစ်စက်မှ အချိုးမပြေ။ မိန်းကလေးတန်မယ့် ကိုယ့်အခန်းကို ကြည့်ပျော်ရှုပျော်မပြောနှင့် ပြင်ပြင်ဆင်ဆင် အနည်းငယ်မှ မလုပ်။

အင်း . . . ကောင်းကိုရတဲ့ ယောက်ျားတွေကတော့ တကယ်ကံကောင်းမည်။ ဖြစ်ကတတ် ဆန်းနေတတ်တာ၊ ဘာအဝတ်အစားကိုမှ မကော်မောရကောင်းမှန်းမသိတာ၊ အလှအပပစ္စည်း ဘာမှ မဝယ်တာ။ အစစအရာရာသော အကြောင်းတရားတွေကြောင့်ပင် ကုန်ကျစရိတ်အတော်ဖာ ထေးမိမည်။

မနေနိုင်တဲ့ ချယ်ရီအေးကပဲ စောင်ကိုခေါက်ပြီး ခြေရင်းမှာ ထား၊ အိပ်ရာကိုဆွဲဆန့်၊ ခေါင်းဦးကိုပြန်ထည့်၊ ခြင်ထောင်တွေကို ပြန်ပြင်နှင့် ခဏလေးပြီးသွားသည် ။

ခုတင်ပေါ်က အဝတ်အစားတိုးလို့ တွဲလောင်းကို ခြင်းတောင်းထဲထည့်ရင်း -

"ဒါနဲ့ နင် အခန်းကို အိမ်ကကောင်မလေးတွေ မရှင်းပေးဘူးလား ကောင်းရယ်။ ဒီလောက်ထိ ရှုပ်ပွနေတာကို နေနိုင်လိုက်ကြတာဟယ်"

"ရှင်းပေးသားပဲ။ မနက်တစ်ခေါက် ညနေတစ်ခေါက်လာ ရှင်းပေး သား"

ဘုရားရေ။

အပြစ်တင်စောမိသော ကိုယ့်ကိုယ်ကိုယ်တောင် ကျိန်ဆဲမိတော့မတတ်။ မနက်တစ်ခေါက်၊ ညနေတစ်ခေါက် လာရှင်းပေးလို့ ဒီလောက်ရှုပ်တာ။ ဘုရားရေ တစ်ရက်ခြားတစ်ခါ လာရှင်းလျှင်တော့ ပင့်ကူမျှင်တွေ၊ ပိုးဟပ်တွေတော့ ပျော်ပျော်ကြီးရှိနေပေတော့မည်။

"ကောင်းရေ . . . ငါလည်း နင့်ကို ပြော မပြောချင်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် မိန်းကလေး တစ်ယောက်ဆိုတာကော နင် သတိရရဲ့ လား။ ကိုယ့်ရုပ်ကိုယ့်ရည်လေးနဲ့ လှတပတနေရင် အောင်မလေး"

"ဒါအကင်းပဲရှိသေးတယ်"

"ဘာလုပ်တာလဲ၊ ငါ နင့်ကို ဘာလုပ်လို့ လဲ"

နားရွက်ကို အနောက်ကနေ လှမ်းဆွဲလိုက်သဖြင့် ပူပူထူထူ ဖြစ်သွားကာ ချယ်ရီဒေါသနှင့် အော်တော့ ကောင်းက သူ့မှာ ဘာအပြစ်မှ မရှိသူလိုနှင့် ပြုံးစိစိလုပ်ကာ -

"အလှအပအကြောင်း လာမပြောနဲ့ နားခါးလွန်းလို့ ၊ လှတာမက်ရင် ညစာခက်တယ်တဲ့ "

"အေး . . . လူတကာထဲမှာ ချွန်ထွက်နေတဲ့ နင်က ဘာလဲတော့ မသိဘူးနော်။ နင့်ကျမှ ဘယ်လိုယောကျ်ားကို ယူမလဲ စောင့်ကြည့်ချင်လိုက်တာ"

"စောင့်ကြည့် လိုက်လေ၊ ကိုယ်တိုင်လည်း အလှမကြိုက်ဘူး။ ယောကျ်ားကြီးတန်မဲ့ကွာ အလှတွေပြင်နေရင် . . . ဟာကွာ၊ အတွေးနဲ့ တင် ရှုံ့တယ်ကွာ"

"အောင်မာ"

ချွတ်လာသည့် ရေလဲလုံချည်ကို ခုတင်ခြေရင်းမှာ ပုံခဲ့ကာ မှန်တင်ခုံနားကပ်သွားသည် ။

ချယ်ရီကတော့ ကောင်းကို အပြစ်တင်ဖို့ ခဏမေ့လျော့သလို ဖြစ်သွားသည် ။ ခုတင် ခြေရင်းအောက် ကြမ်းပြင်ပေါ်တွင် ပုံခဲ့သော လုံချည်ကိုတစ်လှည့် မှန်တင်ခုံရှည်တွင် လိုးရှင်းကို မျက်နှာပေါ် ဖြစ်သလို ပွတ်လိုက်တာကို တစ်လှည့် အပြန်အလှန်ကြည့်မိသည် ။

လိုးရှင်းလူးပြီးတော့ ခေါင်းက ဘုတ်သိုက်ဖြစ်နေသော ဆံပင်ကို ခေါင်းဖြီးနှင့် တစ်ချက်နှစ် ချက်သပ်ကာ -

"သွားမယ် . . . ဗိုက်ဆာတယ်ဟာ"

ချယ်ရီအေး ကွတ ကွတ ဆောင့်ကြွားကြွားနှင့် လှမ်းလျှောက်သွားသော ကောင်းရဲ့ နောက်သို့ ယောင်တောင်တောင်နှင့် လိုက်လာမိသည် ။

ဘုရားစူးစေရဲ့ ။

နောက်သို့ပြန်လှည့်ကြည့်ရင်း မိန်းကလေးတစ်ယောက်ရဲ့ အိပ်ခန်းဆိုတာ ကျိန်ပြော၍ မှ ယုံစရာမရှိ။

"နင်လည်း ဘာမှ မစားခဲ့သေးဘူး မဟုတ်လား။ တစ်ခါတည်း ဝင်စားသွား။ ဟေ့ မိစု ငါတို့ နှစ်ယောက်အတွက် ပြင်ပေး"

"ဟို . . . ကောင်း"

မိစုက မမကောင်းဟု အရင်တုန်းက ခေါ်ခဲ့ဖူးသော်လည်း မမလို့ ခေါ်လျှင် မျက်နှာစုတ်ပြတ် သွားမည်ဟု လက်သီးရွယ်၍ ပြောခဲ့သဖြင့် ကောင်းဟု သာခေါ်ရသည် ။

"ဘာ . . . တဟိုဟိုဖြစ်နေတာလဲ။ ငါ ဗိုက်ဆာပြီလေ"

လက်ညှိုး တောင်ထိုးရမလို မြောက်ထိုးရမလို ဖြစ်နေသော မိစုကို ကောင်းက ငေါက်ဆတ် ဆတ်အော်လိုက်သည် ။

"ချယ်ရီ ထိုင်လေ"

"အယ် . . . ငါ"

ချယ်ရီတစ်ယောက် မျက်စိမျက်နှာပျက်ကာ ဟိုဟိုဒီဒီကြည့်နေသော မိစုကြောင့် ထိုင်ဖို့ တောင် တွန့်ဆုတ်ဆုတ် ဖြစ်နေရသည် ။

"ကောင်းရယ် . . . ဟို ခဏစောင့်ပါလား။ နေ့လယ်စာကျက် . . .ကျက်"

"ဘာ"

မိစုခမျာ စကားတောင် ဆုံးအောင်မပြောလိုက်ရရှာ။ ကောင်းရဲ့ ဘာဆိုသည့်အသံကြီးက ဟိန်းထွက်လာသည် ။

"ဖြန်း"

"ဒါ ဘယ်အချိန်ပဲရှိသေးလို့ ငါက နေ့လယ်ထိ စောင့်ရမှာ လဲ။ မနက် (၁၀)နာရီပဲရှိသေးတာ။ ငါက နှစ်နပ်တစ်နပ် ပေါင်းစပ်ရမှာ လား"

ကောင်းက စားပွဲကို ဖြန်းခနဲမြည်အောင် လက်နှင့်ရိုက်ပြီး ထအော်ချိန် -

"ဒါကတော့ အချိန်နဲ့ အခါကိုလိုက်ပြီး ကျင့်သုံးရတာပေါ့"

"ဒေါ်မေဘယ်လ် . . . ခင်ဗျားနဲ့ ဘာဆိုင်လို့ ဝင်ပါနေရတာလဲ"

"တို့ က ဒီအိမ်က အိမ်ရှင်မလေ"

"ဟား ဟား ဟား"

"ကောင်း"

ဒေါ်မေဘယ်လ်ရဲ့ စကားကြောင့် ကောင်းပွဲသွားပွဲလာ တစ်ယောက် ကဲ့သို့ပြင်ထားသော ဒေါ်မေဘယ်လ်ကို ခြေဆုံးခေါင်ဆုံးကြည့်ပြီး တ ဟားဟားရယ်နေလေတော့သည် ။

ချယ်ရီကတော့ မျက်နှာနီရဲသွားသော ဒေါ်မေဘယ်လ်ကို ကြည့်ပြီး မျက်စိမျက်နှာပျက်စွာဖြင့် ကောင်းကို တားလိုက်မိသည် ။

ကောင်းက ဗိုက်ကိုလက်ဖြင့်နှိပ်ကာ အားရပါးရ ရယ်ရင်း ဒေါ်မေဘ ယ်လ်ကို ပတ်ကြည့်ပြီး -

"ခင်ဗျားက အိမ်ရှင်မ ဟုတ်လား"

"ကောင်း . . . မင်းတို့ ကို အဲဒီလို ခနဲ့ စရာမလိုဘူး"

ဒေါ်မေဘယ်လ်သည် ကောင်း၏ ဒုတိယမိခင်ဟု အများက သတ်မှ တ်ထားသည့် သူ့ရဲ့ မိထွေးဖြစ်သည် ။ ဖေဖေရဲ့ နောက်မိန်းမပေါ့လေ။ ဒေါ်မေဘယ်လ်ဆိုတာက နာမည်အရင်း။ သူ့ဖေဖေ ဦးဘကောင်းနှင့် လ က်ထပ်တော့ ဒေါ်မေဘယ်လ်ကောင်း ဖြစ်သွားသည် ။ ဒေါ်မေဘယ်လ် ဟာ အတော်အလှပြင်လွန်းတဲ့ မိန်းမတစ်ယောက်ပါလားလို့ ကောင်းမှန်းတီးခဲ့ရတာကလည်း ဤအိမ်ပေါ် သို့ ဖေဖေ ခေါ်လာတဲ့ နေ့ ကတည်းက။

အဲဒီနေ့က ကျောင်းပိတ်ရက်တစ်ရက် ဖြစ်ပြီး မေကံကောင်း ဆိုတဲ့

သူမကတော့ ဖေဖေ့ကိုစောင့်ရင်း ကစားရင်းပေါ့။

နေ့လယ်စာထမင်းစားချိန် ဖေဖေ ပြန်လာချိန်ကို လည်တဆန့်ဆန့် စောင့်နေသော ကောင်းမှာ ဖေဖေ့ကားကို မြင်လိုက်ရတဲ့ အပျော်က ဘာမှ မလဲနိုင်ခဲ့ပေ။

သို့သော် သူရဲ့ အပျော်လေးကတော့ စူးချွန်တစ်ခုမှာ သွားငြိလိုက်သော လေပူဖောင်းလေးလို ဖောင်းခနဲပေါက်ကာ ပျောက်ကွယ်သွားရတော့သည် ။

"ကောင်း . . . ဒါ သမီးရဲ့ မေမေအသစ်နော်"

ဖေဖေရဲ့ မိတ်ဆက်စကားကြောင့် ကောင်း ခေါင်းသွက်သွက်ယမ်းကာ ခြေလှမ်းတို့ နောက်ဆုတ်ကာ ဒေါ်မေဘယ်လ်ကောင်းကို ခြေဆုံးခေါင်းဆုံး ကြည့်မိခဲ့တာလည်း ထိုနေ့မှ စ၍ . . .

ပခုံးကျော်ကျော် ကောက်ကွေးနေသော ဆံပင်တွေကို နားထင်နှစ်ဖက်က ဆံစတွေကို ဆွဲယူပြီး နောက်ဘက်၌ ကလပ်နှင့် ညှပ်ထားသည် ။ မျက်နှာ၌ မိတ်ကပ်တွေ ဖွေးဥနေအောင် လိမ်းခြယ်ထားပြီး နှုတ်ခမ်းနီရဲရဲကို ဆိုးထားသည် ။ ခေတ်ဆန်ဆန် ချုပ်ထားသည့် ဝမ်းဆက်က ကိုယ်၌ ချပ်ကပ်နေသည် ။

ဒါက သူမရဲ့ အမေအသစ်တဲ့ လား။

ဟင့်အင်း . . . အဲဒါ အမေအသစ်တစ်ယောက် မဟုတ်ဘူး ။ သူ့မှာ အမေတစ်ယောက်ရဲ့ ကြင်နာမှုပေးမယ့် အရိပ်အယောင်တွေ မရှိဘူး။

"အန်တီ ခပ်ဝေးဝေးသွားစမ်းပါ နံလွန်းလို့ "

"အို"

"မေကာ်ကောင်း"

အမျိုးသမီး၏ မျက်နှာ ရဲခနဲဖြစ်သွားသလို ဖေဖေကလည်း ကောင်းကို ဟန့်တားခဲ့ပါသည် ။

ထိုစဉ်ကတည်းက မိထွေးကို အမြင်ကတ်ကတ်နှင့် ကောင်းသည် လိုတာထက်ပို၍ ပြင်ထား သောသူများကို မုန်းမိပါသည် ။

ယခုလည်း လာပြန်ချေသေး။

ဟိုတုန်းက ပြောခဲ့တာကို မမှတ်သေးဘဲ ပြင်လို့ ဆင်လို့ ။ ဒေါ်မေဘယ်လ်ရေ ပြင်လွန်းရင် ဖင်ချွန်းသကွဲ့ဟု ကျိတ်ပြောလိုက်မိသေးသည် ။

"အိမ်ရှင်မဆိုရင် ဟုတ်ပြီ။ ကျွန်တော်မနက်စာ စားမယ်။ ခင်ဗျားသာ ကျွန်တော့်ကို သမီးတစ်ယောက်လို သတ်မှတ်ရင် ကျွန်တော့်အတွက် စားသောက်စရာတွေ ပြင်ထားရမှာ ပေါ့"

"ကောင်း"

"မင်း ဘယ်အချိန် ထသလဲ၊ နာရီကို တစ်ချက်ငုံ့ကြည့်လိုက်ဦး။ ဒီအချိန်ဟာ မနက်စာစားတဲ့ အချိန်လား"

"ဟ . . . ကျွန်တော့်ဘာသာ ဆယ်နာရီထထ၊ တစ်နာရီထထ ညအိပ်ပြီး မနက်ထရင်တော့ မနက်စာလို့ ပဲ ပြောမှာ ။ ပြီးတော့ ကျွန်တော် ဒီအိမ်မှာ နေချင်သလိုနေမယ်၊ အိပ်ချင်အိပ်မယ်။ အဲဒါ ကို ခင်ဗျား ဘာမှ ပြောစရာမလိုဘူး"

ဘယ်လောက်ပဲ ထိန်းသိမ်းသိမ်း ကောင်းတစ်ယောက် ရှူးရှူးရှဲရှဲနှင့် ဖြစ်ရတော့သည် ။ ဟုတ်တယ်။ ဒီ ဒေါ်မေဘယ်လ်ဆိုတဲ့ မိန်းမဟာ ဘယ်တော့မှ မရုက်တတ်သူတစ်ယောက်လို အပြုံးမပျက်။ သူမက ဘာမှ မပြောလေလေ အများ အမြင်၌ ကောင်းဟာ ခပ်ဆိုးဆိုး ဂျစ်ကန်ကန် မိန်း

ကလေးတစ်ယောက်လို့ ထင်ခံရလေလေ။ ကောင်း ဒီလောက်ထိ ဒေါသဖြစ်နေချိန် အပြုံးမပျက်စွာ နှင့်။

"အဲဒါ တို့ လုပ်တာ မဟုတ်ဘူး ၊ မင်းအဖေက မင်းကို (၉) နာရီထိ စောင့်ခိုင်းပြီးသား၊ ကိုးနာရီမှ မနိုးရင် မိစုတို့ တွေကို စားခိုင်းလိုက်ပြီးသား"

"ဒေါ်မေဘယ်လ် . . . ဒါ ဒါ ခင်ဗျားရဲ့ စနက်တွေပဲ မဟုတ်လား"

"ကောင်း"

ဒေါ်မေဘယ်လ်ကို အခုပဲ ဆွဲလွဲလုပ်တော့မလို့ ရှေ့တိုးသွားသော ကောင်းကို ချယ်ရီ အနောက်မှ သိမ်းဖက်ကာ တားထားရတော့သည် ။

ဖေဖေဟာ ကောင်းအပေါ် ဒီလိုမလုပ်ဘူးဆိုတာ ကောင်းကောင်းကြီးသိသည် ။ ဒါကို ဒီမိန်းမက အမြင်ကတ်၍ သွေးထိုးမယ်ပေ့ါ။

"မိစုရေ . . . ကောင်းအတွက် အခုချက်ခြင်း စားလို့ ရအောင် တစ်ခုခု ပြင်လိုက်ပါကွယ်"

"မစားဘူး . . . မစားဘူး၊ လာချယ်ရီ . . . သွားမယ်"

သူတော်ကောင်းမလိုလို၊ မိထွေးတော်ဂေါ်တမီလိုလိုနှင့် လုပ်ပြနေသော ဒေါ်မေဘယ်လ်ကို ကောင်းမုန်းတီးစွာ ခပ်မြန်မြန် ထွက်ခဲ့သည် ။

ဒါတောင် မမေ့မလျော့စွာ ချယ်ရီရဲ့ လက်ကို ဆုပ်ကိုင်ခဲ့ပါသေးသည် ။ ချယ်ရီအေးကတော့ ဒေါ်မေဘယ်လ်ကို လှည့်ကြည့်လှည့်ကြည့်နှင့် ကောင်းခေါ်ရာနောက်သို့ ယက်ကန်ယက်ကန်နှင့် ပါလာရလေသည် ။

* * *

## အခန်း(၃)

"ကောင်း . . . ဖြစ်ပ့ါမလား"

ချယ်ရီအေး စိုးရိမ်တကြီးနဲ့ မေးတော့ -

"နင်ကလည်း အေးဆေးလိုက်စမ်းပါ။ ဖမ်းခံရတယ်ဆိုတာ ကောင်းရဲ့ ဘဝမှာ မရှိဘူး။ ကြောက်တတ်ရင် နှစ်ခါသေတဲ့ ကြားဖူးတယ် မဟုတ်လား။ ဖြစ်တော့လည်း တစ်ခါပေ့ါ"

"အမလေး ကောင်းရယ်။ ငါက ကြောက်ပါတယ်ဆိုတာကို ဖြစ်လည်း တစ်ခါပဲပြောမနေနဲ့ ။ ဒီမှာ အပေ့ါတောင်သွားချင်လာသလို လိုပဲ"

"ထိုင်နေတာပဲဟာ ပေါက်ချလိုက်ပါလား"

"သေနာကျ"

"ဟား ဟား"

ကောင်းက ချယ်ရီအေး အကြောက်ပြေအောင် စလိုက်ခြင်း ဖြစ်သည် ။ ရန်ကုန်မြို့ ပေါ်မှာ ဆိုင်ကယ်မစီးရဆိုတဲ့ ဥပဒေက အတိအလင်း ထုတ်ပြန်ပြီးသား။ ဒါကို ကောင်းလည်း သိပါသည် ။ သို့သော် သူငယ်ချင်းတစ်ယောက်ဆီက ဆိုင်ကယ်ငှား လာပြီးကတည်းက စီးချင်ခဲ့တာ တစ်ပိုင်း သေလို့ ။

ရန်ကုန်မြို့ထဲက ထွက်ပြီး ဆိုင်ကယ်ကို စိတ်ကြိုက်စီးပစ်လိုက်သည်

။

"နင့်ဘာသာ သွားပါဟယ်။ ငါတော့ လက်ထိတ်စော်နံလွန်းလို့ မလိုက်ပါရစေနဲ့ "

ကောင်းရဲ့ ဇွတ်တရွတ်စိတ်ကို သိသော ချယ်ရီအေးက တောင်းပန်သော်လည်း ကောင်းအတွက်တော့ ချယ်ရီအေးက ငယ်နိုင်ဖြစ်သည် ။

"လိုက်ခဲ့ကွာ၊ ငါ အဖော်မရှိလို့ နင့်ကိုခေါ်နေတာ ဈေးသိပ်ကိုင်မနေနဲ့ ချယ်ရီ"

ကောင်းတစ်ယောက် ယောကျ်ားလျှားလို့ ဝတ်စားပြောဆိုနေသော်လည်း ယောကျ်ားလျာ တစ်ယောက်တော့ မဟုတ်ပေ။ သူ့မှာ မိန်းကလေးဆိုတဲ့ အသိရှိပြီး အလှအပ မမက်မောတာပဲ ပြောစရာအပြစ် တစ်ခုရှိတော့သည် ။

သူငယ်ချင်း အပေါင်းအသင်းတွေပေါ်မှာ အနစ်နာခံတတ်သည် ။ ပေးစရာရှိလျှင်ပေးပြီး ကူစရာရှိလျှင် လက်မနှေး ကူညီတတ်သည် ။ တစ်ခုပဲရှိတာက ခွကျကျ ထော်လော်ကန့်လန့်စိတ်ကို တော့သည်းခံနိုင်ရမည်။

"ပြန်လှည့်ပါတော့ ကောင်းရယ်၊ ကျော်ဇောတို့ နဲ့ ချိန်းထားသေးတယ် မဟုတ်လား။ နောက်ကျနေဦးမယ်။ ငါက အကြောင်း မဟုတ်ဘူး နင်က ဒီနေ့ အိမ်ဝင်နောက်ကျလို့ မရဘူး မဟုတ်လား"

"ဟာကွာ . . . င့ါပြဿနာက ထားစမ်းပါ။ ဖေဖေ င့ါကို ဘယ်တုန်းကမှ အဲဒီလို မလုပ်ဘူး။ တစ်ခုပဲရှိတာက ဟိုမိန်းမတိုက်တွန်း ကုန်းချောရင်တော့ မပြောတတ်ဘူး"

"ကောင်းရယ် . . . နင့်မှာ လည်း ဒေါ်မေဘယ်လ်အကြောင်း ပြောရရ

င် အလိုလို ဘီလူးသဘက် ဖြစ်လာပါရောလား။ ငါ မြင်သလောက်"

ချယ်ရီအေး ကောင်း နားထောင်နေသလားဆိုသည့်ပုံစံနှင့် စကားကို ခဏရပ်ပြီး လှမ်းကြည့် လိုက်သည် ။ ကောင်းက ဆိုင်ကယ်အရှိန်အနည်းငယ်ချပြီး နောက်မလှည့်တစ်လှည့် ဖြစ်လာတော့မှ -

"ဒေါ်မေဘယ်လ်က တခြားမိထွေးတွေလို ဆိုးတဲ့ ထဲတော့ မပါပါဘူး ။ မိထွေးတော် ဂေါတမီလို နင့်အပေါ် အစစအရာရာ ဂရုမစိုက်ပေမယ့် အခြားသော မိထွေးတွေထက်တော့ သာပါတယ်"

"ဆက်ပါဦး"

မေးဆတ်ပြောလိုက်ပုံက ချယ်ရီအေးပြောပြီးလျှင် သူ ဝင်ပြောမည့်ဟန်။ ဒီကြားထဲ အပြောမတတ်လျှင်လည်း အငေါက်အငမ်း ခံရဖို့ ကကျိန်းသေသည် ။

သူ့မိထွေးကို မပြောရဲတိုင်း သူများ တွေကို လိုက်မဲသည် ဟု ဆိုရအောင်ကလည်း လမ်းကြောင်းမမှန်ပေ။ ကောင်းတစ်ယောက် ဘယ်သူ့ကိုမှ မပြောရဲမဆိုရဲဆိုတာ မရှိပေ။ ပြောရဲဆိုရဲလွန်းလို့ မကြားရဲတာတစ်ခုပဲ။

"သူများ မိထွေးလို နင်နဲ့ နင့်အဖေကြားတော့ ဘာမှ ကုန်းမတိုက်ပါဘူး။ နောက်ပြီး နင် ဘာလုပ်လုပ် အပြစ်ရှာတဲ့ မျက်လုံးနဲ့ မကြည့်ဘူးလေ"

"ဟုတ်လား"

ခပ်ရွဲ့ရွဲ့မေးလိုက်တော့ အသံက တိတ်သွားတော့သည် ။ တစ်ခုခု ထပေါက်ကွဲနိုင်သဖြင့် ဆက်မပြောရဲတော့။

"ဒီမှာ ချယ်ရီ . . . မိထွေးတော်ဂေါတမီဆိုတာကလည်း ဘုရားရဲ့ မိထွေးဖြစ်နေလို့ ကောင်းတာ။ နောက်အမေတွေကို မိထွေးတော်ဂေါတမီနဲ့ နှိုင်းဖို့ ဆိုတာ ရိုင်းလွန်းပါတယ်။ ခေတ်အဆက်ဆက် မိထွေးပဲဖြစ်ဖြစ်၊ နောက်ဖြစ်လာမယ့် မိထွေးပဲဖြစ်ဖြစ် သူတို့ မှာ မိထွေးစိတ် ဆိုတာ အပြည့်ပဲ။ မိထွေးစိတ်ဆိုတာ ဘာလဲသိလား။ လင်ပါသားသမီးအပေါ် သူ့အဖေအရင်း ခေါက်ခေါက်က ပေးတာ ကမ်းတာကို မနာလို မရှုစိမ့်တဲ့ စိတ်က အလိုလိုရှိပြီးသား။ အဲဒါ ဘာကြောင့်လဲ ဆိုတော့ ဝမ်းနှင့်မလွယ် သားမမည်တဲ့ ။ ကိုယ့်ဝမ်းနဲ့ လွယ်ထားတာ မဟုတ်လို့ သားသမီးလို သဘောမ ထားနိုင်တာ ရှင်းရှင်းပဲ"

နင်ပဲ အပြောကောင်း။

ပြောလိုက်လျှင် ကမ္ဘဝါစာချခံထားရသည့် ဘုန်းကြီးပမာ သူ မသိတာ ဘာမှ မရှိ။ သိလည်း သိနိုင်လွန်းသည် ၊ ပြောလည်း ပြောတတ်လွန်းသည် ။

သူပြောတဲ့ အတိုင်း မိထွေးအားလုံး မကောင်းဘူးလို့ သတ်မှတ်လျှင် သူ့စိတ်နှင့်တင် ဒေါ်မေဘယ်လ် ဦးဘကောင်းကို ကုန်းချော၍ ရတာပဲ။ ပြီးတော့ အိမ်ကတောင် အခါတစ်ရာ မောင်းချ၍ ရသည့် ကိစ္စ။

ဒီလိုကိစ္စမျိုး ဒေါ်မေဘယ်လ် လုံးဝမလုပ်ဘူးဆိုတာ ချယ်ရီအေးကတော့ ကောင်းကောင်း သိသည် ။ ချယ်ရီအေး ခန့်မှန်းမိသလောက် ဒေါ်မေဘယ်လ် ကောင်းကို အစစအရာရာ လုပ်ကိုင်မပေးခြင်းမှာ တစ်ယောက်နှင့်တစ်ယောက် အယူအဆခြင်းမတူလျှင် အကြိုက်ခြင်းမတူလျှင် ထသတ်နိုင်သောကြောင့် ဘေးကို လက်ရှောင်ပြုလုပ်နေခြင်းသာဖြစ်သည် ။

ကောင်းရဲ့ နောက်ကွယ်ကတော့ ကောင်း ဘာလုပ်သလဲလို့ လိုက်ကြ

ည့်နေတတ်သည် ။ ဒီလောက် မိထွေးမပီသတဲ့ အမျိုးသမီးကို ထမင်းထုပ်ရွက်ပြီး ပတ်ရှာ၊ ထမင်းထုပ်သာ သိုးသွားမည်ဟု ပြောလိုက်ချင်သည် ။

ချမ်းသာသူစာရင်းတွေဝင်သော ကောင်းတို့ မိသားစုတွင် စည်းစိမ်ဥစ္စာဆိုတာက မက်မောစရာ။ ဤစည်းစိမ်တွေကို မက်မောပြီး ကောင်းအိမ်ပေါ်က ဆင်းသွားလို့ ရအောင် လုပ်နိုင်သည့် နည်းလမ်းများ မိထွေးတစ်ယောက်တွင် အများ အပြားရှိပေလိမ့်မည်။ ထိုသို့လုပ်မှ မလုပ်ဘဲလေ။

"ဟာ . . . သွားပြီ"

"ဟင် . . .ဘာသွားတာလဲ"

"တောက် . . . ဒီမိန်းမ ကောင်းကျိုးမပေးလိုက်ပုံက ဟင်း . . . မြင်တယ်မဟုတ်လား ချယ်ရီအေး။ ငါ့တစ်သက်မှာ ဆိုင်ကယ်ခိုးစီးလာတဲ့ အကြိမ်အရေအတွက်လည်း မနည်းတော့ဘူး။ တစ်ခါမှ အဖမ်းခံရတယ်မရှိဘူး။ ဟောကြည့် . . . ဒီမိန်းမအကြောင်း ပြောလာလိုက်တာ . . . ဟင်း"

ကောင်းက ချယ်ရီအေးပြောတာကို မဖြေဘဲ စကားရှည်ကြီးကို တောက်လျှောက်ပြောလိုက်တာ ရှေ့တွင် ရပ်နေသော မော်တော်ပီကယ်ရှေ့အရောက် . . .

"ဟင်"

ယခုမှ ချယ်ရီအေး ကြောက်ဒူးတုန်သွားရသည် ။

"ကောင်း . . . ငါတော့ လူပေါင်းမှားပြီ"

"တော်စမ်းပါ"

ကောင်းက ချယ်ရီအေးကို တစ်ချက်မာန်ပြီး မော်တော်ပီကယ်လက်ထဲသို့ ဆိုင်ကယ်သော့ အပ်လိုက်သည် ။ သူတို့ တွေ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ပေလိမ့်မည်။

ဆိုင်ကယ်သိမ်းသွားမည်။ ဒဏ်ငွေဆောင်ပြီးမှ ထုတ်ရမည်ထင်တယ်။ တစ်ခါမှ အဖမ်းမခံရတော့ ဆိုင်ကယ်ကို သူတို့ ဘယ်လိုလုပ်ကြမလဲမသိ။

အသွားဆိုင်ကယ် အပြန်ကုန်းကြောင်းဖြစ်ရမည့်အရေးတွင် ချယ်ရီအေးကပဲ မနေနိုင် မထိုင်နိုင် တက္ကစီငှားလိုက်ပါသည် ။

"ဟူး"

"လေပူမှုတ်ထုတ်မနေနဲ့ ၊ ငါ နင့်ကို အစကတည်းက ပြောသားပဲ။ မော်တော်ပီကယ်မိရင် မလွယ်ဘူးလို့ "

"ဘာမှ မဆိုင်ဘူး . . . အဲဒါ ဟိုမိန်းမကြောင့်။ သူ့အကြောင်းပြောလို့ ဂြိုဟ်ဆိုးဝင်တာ။ တောက် . . . တော်တော်ကို ကျက်သရေမဲ့တယ်"

ကောင်းကတော့ လယ်ပြင်မှာ ဆင်းသွားသလို ရေးရေးကြီးအဖြစ်မှန်ပေါ်နေသည့် ကိစ္စတွင် အမှောင်ဖုံးကာ ဒေါ်မေဘယ်လ်ကိုပဲ အပြစ်လှမ်းတင် ကြိမ်းမောင်းနေတော့သည် ။ ဒေါ်မေဘယ်လ် တော့ မျက်ခုံးလှုပ်ပေဦးမည်။

ကျော်ဇောတို့ ဆီရောက်တော့လည်း နောက်ကျလို့ အပြစ်တင်ခံရသေးသည် ။

"အဲဒီကောင်းက ချိန်းလိုက်ရင် အမြဲတမ်း အဲဒီလိုပဲ"

တွယ်တာက မျက်စောင်းလေးချိတ် လှမ်းပြောသဖြင့် ချယ်ရီအေးက ကောင်းမမြင်အောင် နှုတ်ခမ်းလှုပ်၍ ရာသီဥတု မသာယာဘူး ဟု ပြော

လိုက်သည် ။

တွယ်တာက ပခုံးကျုံ့ပြသည် ။ ချယ်ရီအေးက တွယ်တာ၊ အေးအေးဖြူနှင့် ကျော့ရှင်းရဲ့ ဘေး မှာ ကပ်ထိုင်လိုက်ပြီး ကောင်းက တော့ ကျော်ဇောနှင့် ချယ်ရီရဲ့ ကြားမှာ ထိုင်ပါသည် ။

ဒီထိုင်နည်းကတော့ အမြဲတမ်းပုံမှန်။ ဟိုမိန်းမသုံးယောက်က မိန်း ကလေးသဘာဝအတိုင်း ပြင်ဟယ်ဆင်ဟယ် သိပ်လုပ်ပြီး ချယ်ရီအေးက လုပ်တော့လုပ်သည် ၊ သိပ်မလုပ်။ ကောင်းက ထိုသို့ မိတ်ကပ် နံ့၊ ရေမွှေး နံ့ကို မုန်းတီးသဖြင့် တွယ်တာတို့ နား ဘယ်တော့မှ ကပ် မထိုင်ပေ။

"ကျော်ဇော . . . ငါ အုပ်ကြီးရဲ့ ဆိုင်ကယ်စီးလာတာ ရုံးက မ,သွားတ ယ်၊ နင်လိုက်ခဲ့"

"ဟင် . . . ဘယ်လိုဖြစ်တာလဲ"

"ဒီလိုဟော့"

နဂိုကတည်းက မယ်ပြောချင်ဖြစ်နေသည့် ကောင်းကတော့ ဇာတ်လ မ်းကို အစက ပြန်ရစ်နေ လေတော့သည် ။

* * *